# ထိပ်သီးဗိုလ်ချုပ်ကြီးများ၏ အာဏာစားခွက်လုပွဲ

စိုးနေလင်း

မကြာလှသေးတဲ့ သီတင်းပတ်တွေအတွင်းက မြန်မာစစ်ခေါင်းဆောင်တွေဟာ သူတို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိပါတယ်၊ အာဏာလုနေကြတာမဟုတ်ပါဘူးဆိုတာကို သက်သေပြဖို့ အတော်ကြီး အောင့်သီးအောင့်သက် ကြိုးစားခဲ့ကြရပါတယ်။

လူသတ်မှုနဲ့ ထိန်းမနိုင် သိမ်းမနိုင်ဖြစ်မှုတွေက ကောလာဟလသတင်းတွေ၊ အာဏာသိမ်းမှုနဲ့ စစ်ခေါင်းဆောင်တွေအချင်းချင်း ပစ်ကြခတ်ကြဖြစ်ကုန်ကြပြီဆိုတဲ့ အထင်တွေကို ဟုန်းခနဲ ကြွလာစေပါတယ်။ ဒါပေမယ့် ကောလာဟလတွေ ပေါ်ပေါက်လာပြီး လွန်ခဲ့တဲ့နှစ်ပတ်ကတည်းက အစိုးရသတင်းစာတွေမှာ ထိပ်တန်းစစ်တပ် တပ်မှူးတွေ တယောက်တယောက် ပြေပြေလည်လည်နဲ့ တစုတဝေးရှိနေတဲ့ ဓာတ်ပုံတွေကို တပုံတပင် ဖော်ပြခဲ့ကြပါတယ်။

မြန်မာထိပ်သီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ ဒု–ဗိုလ်ချုပ်ကြီးသိန်းစိန်တို့ရဲ့ပုံတွေဟာ သတင်းစာထဲမှာ လွှမ်းမိုးနေပြီး အဲဒီအချိန်မှာ ဒုတိယ ထိပ်သီး ဒု–ဗိုလ်ချုပ်မှူးကြီးမောင်အေးနဲ့ ဝန်ကြီးချုပ်စိုးဝင်းတို့ကိုတော့ မမြင်ရသလောက်ပါပဲ။

"ကျနော့်ကို မေးလာမယ်ဆိုရင်တော့ ရန်ကုန်အခြေအနေဟာ ပုံမှန်အတိုင်းပါပဲ" လို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်က ပြီးခဲ့တဲ့သီတင်းပတ်ထဲမှာ ဘန်ကောက်ပို့စ် သတင်းစာကို ပြောကြားခဲ့ပါတယ်။

ဒါပေမယ့် ရန်ကုန်အခြေအနေဟာ ပုံမှန်ထက် အများကြီးကွာခြားပါတယ်။ လွန်ခဲ့တဲ့ လေးလက ဝန်ကြီးချုပ်ခင်ညွန့်ကို ဖယ်ရှားရှင်းလင်းပစ်ခဲ့လို့ ဖြစ်လာတဲ့ အာဏာလွန်ဆွဲပွဲရဲ့ အခြေအနေကို ရှင်းလို့မရနိုင် ဖြစ်နေခဲ့ပါတယ်။ အခုကတော့ ထိပ်သီးဗိုလ်ချုပ်ကြီးနှစ်ဦးဖြစ်တဲ့ သန်းရွှေနဲ့ မောင်အေးတို့ရဲ့ အာဏာလွန်ဆွဲပွဲ ဖြစ်နေပါပြီ။

"ဒါဟာ အာဏာအသာစီးယူဖို့ ကြိုးစားကြတဲ့ပွဲပါပဲ" လို့ ရန်ကုန်အခြေစိုက် သံတမန်တဦးက ပြောခဲ့ပါတယ်။

သိပ်မကြာခင်လပိုင်းက ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဒု–ဗိုလ်ချုပ်မှူးကြီးမောင်အေးကို ချောင်ထိုးဖို့ ကြိုးစားခဲ့ပါတယ်။ စစ်အုပ်စုထဲက ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ထောက်ခံတဲ့သူတွေဟာ စစ်ဦးစီးချုပ် ဒု–ဗိုလ်ချုပ်မှူးကြီးမောင်အေးရဲ့စားပွဲကို ဖြတ်နေစရာမလိုဘဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို တိုက်ရိုက်အစီရင်ခံကြရပါတယ်လို့ ရန်ကုန်သံတမန်ရပ်ကွက်က ဆိုပါတယ်။ တချိန်တည်းမှာ ဒု–ဗိုလ်ချုပ်မှူးကြီးမောင်အေးက ဝန်ကြီးချုပ်ရဲ့ တာဝန်နယ်ပယ်ထဲကို ဝင်ပြီးစွက်ဖက် ဆောင်ရွက်ခဲ့တာတွေ ရှိခဲ့တယ်လို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်တဦးက ပြောခဲ့ပါတယ်။

ခုချိန်မှာတော့ တကယ့်တိုက်ပွဲက ဝန်ကြီးအဖွဲ့ထဲမှာ အဓိကနေရာအပြောင်းအလဲတွေလုပ်ဖို့ နဝတနဲ့ အာဏာပြင်းတဲ့ တိုင်းမှူးတွေ အပြောင်းအလဲလုပ်ဖို့ထိ ပါဝင်လာခဲ့ပါပြီ။

'ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီးခြောက်ယောက်ကို သူတို့ကို သိပ်မကြာခင်မှာ အပြောင်းအလဲလုပ်ဖို့ရှိတယ်လို့ ပြောထားကြောင်း' မြန်မာစစ်အစိုးရရဲ့သတင်းရပ်ကွက်တခုက ဆိုပါတယ်။

မျှော်လင့်ထားတဲ့အပြောင်းအလဲတွေထဲမှာ အဓိကဖြစ်လာနိုင်တာကတော့ စီးပွားရေး ဝန်ကြီးဌာနတွေပါပဲ။ စာတိုက်နဲ့ကြေးနန်းဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အပါအဝင် ဝန်ကြီး ခြောက်ယောက်ဟာ လာဘ်စားမှုနဲ့ စစ်ဆေးတာကို ခံနေကြရပါတယ်။ သူဟာ ကြီးမားတဲ့ တရားမဝင် ငွေပေးငွေယူလုပ်တာတွေရှိနေတဲ့ အဓိကကန်ထရိုက် အတော်များများအတွက် စိစစ် စစ်ဆေး

တာကို ခံနေရပါတယ်။ 'သူက ရေးသားပြဋ္ဌာန်းထားတာမဟုတ်တဲ့ အလွန်အကျွံလာဘ်စားမှု တားဆီးရေးဥပဒေကို ချိုးဖောက်တာကိုး၊ ဒါကြောင့် အမျက်တော်ရှခံရတာပါ' လို့ မြန်မာစီးပွား ရေးလုပ်ငန်းရှင်တဦးက ပြောခဲ့ပါတယ်။

ဝေဖန်စစ်ဆေးတာကို ခံနေရတဲ့ ကန်ထရိုက်တွေထဲမှာ အဓိက တရုတ်မိုဘိုင်းဖုန်းကုမ္ပဏီ ZTE နဲ့လုပ်တဲ့ ကန်ထရိုက်ပါနေပါတယ်။ အဲဒီကန်ထရိုက်အရ တရုတ်က ဖုန်းလိုင်း (၃၀၀,၀၀၀) တပ်ဆင်ဖို့ အခြေခံတည်ဆောက်ရေးအတွက် ဒေါ်လာသန်း (၁၅၀) (၅.၇၈ ဘီလီယံဘတ်) ထုတ်ချေးဖို့ရှိပါတယ်။ စက်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်သူတွေရဲ့ အဆိုအရ အဲဒါဟာ အမှန်တကယ် ကုန်ကျငွေတန်ဖိုးထက် ဆယ်ဆလောက်ပိုများနေတယ်လို့ သိရပါတယ်။ တခြား အရှေ့တောင် အာရှနိုင်ငံတခုမှာ ဖုန်းလိုင်း (၁,၀၀၀,၀၀၀) အတွက် ကုန်ကျငွေဟာ ဒေါ်လာသန်း (၃၀) (၁.၁၆ ဘီလီယံဘတ်) ပဲရှိပါတယ်။

'အပြောင်းအလဲတွေကို တရားဝင်ကြေညာဖို့ ကြန့်ကြာနေတာဟာ သန်းရွှေနဲ့ မောင်အေး တို့နှစ်ယောက်ကြားမှာ ဘယ်သူက အဓိကရာထူးနေရာတွေကို ယူသင့်တယ်ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး သဘောမတူနိုင်ဖြစ်နေလို့' လို့ မြန်မာနိုင်ငံနဲ့ နှစ်ပေါင်းများစွာ ဆက်ဆံခဲ့တဲ့ ဝါရင့် အာရှသံတမန်တဦးက ပြောခဲ့ပါတယ်။

သူတို့နှစ်ယောက်ကြားက လွန်ဆွဲပွဲမှာ နဝတအဖွဲ့အတွင်း အပြောင်းအလဲနဲ့ တိုင်းမှူး အပြောင်းအလဲလည်း ပါဝင်နေပါတယ်။ သက်ကြီးပိုင်း ဗိုလ်ချုပ်ကြီးတွေကတော့ အငြိမ်းစားယူကြ ဖို့ များပါတယ်။ သန်းရွှေရဲ့ အဓိကထောက်တိုင် အထူးစစ်ဆင်ရေးဗျူရို အကြီးအကဲ လေးဦးဖြစ်တဲ့ ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်၊ အောင်ထွေး၊ ခင်မောင်သန်းနဲ့ မောင်ဘိုတို့ကတော့ နေရာဖယ်ပေးရမယ့် အခြေအနေမှာ ရှိနေတယ်လို့ မြန်မာစစ်အစိုးရအကြောင်း ကောင်းကောင်းသိတဲ့ အာရှ စစ်တပ် အကြီးအကဲဟောင်းတဦးက ဆိုပါတယ်။

'မောင်အေးက ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဖြောင့်ထိပ်တိုက်ရင်ဆိုင်ချင်တာ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့ရဲ့အာဏာအခြေခံကို လျှော့ချပစ်ချင်တာပါ' လို့ ရန်ကုန်ကအဖြစ်အပျက်တွေကို အနီးကပ်စောင့်ကြည့်နေတဲ့ ဝါရင့်အရှေ့တောင်အာရှသံတမန်တဦးက ပြောခဲ့ပါတယ်။

အပြောင်းအလဲတွေကို သဘောတူသွားပြီဆိုရင်တော့ အာဏာချိန်ခွင်လျှာဟာ အလုံးစုံ မဟုတ်ပေမယ့် မောင်အေးဘက်ကို ယိမ်းလိမ့်မယ်လို့ အာရှသံတမန်အတော်များများက ယုံကြည် ကြပါတယ်။

ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေးဟာ သူ့လူတွေကို အဓိကကျတဲ့ စစ်တိုင်းတွေဖြစ်တဲ့ ရန်ကုန် တိုင်း၊ တောင်ပိုင်းတိုင်း၊ အနောက်တောင်တိုင်းနဲ့ အရှေ့တောင်တိုင်းတွေကို ထိန်းချုပ်ထားနိုင်စေ ချင်ပါတယ်။ 'သူ့လူတွေဟာ မြို့တော်ထဲမှာနဲ့ ပတ်ပတ်လည်မှာရှိနေနိုင်မှ သူ့အနေနဲ့ စိတ်ချလက်ချ ဖြစ်နိုင်မှာပဲ' လို့ ထိုင်းစစ်ထောက်လှမ်းရေးအရာရှိဟောင်းတယောက်က ပြောပါတယ်။

ဒါပေမယ့် ထိပ်တန်းဗိုလ်ချုပ်ကြီးနှစ်ယောက် အာဏာလုနေကြတာနဲ့ တချိန်တည်းမှာပဲ စစ်တပ်ထဲမှာလည်း အာဏာလွှဲပြောင်းမှုတွေ ဖြစ်နေပါတယ်။ ဗိုလ်ချုပ်ကြီးတွေရဲ့ နောက်မျိုးဆက် တွေက နေရာယူလာကြပါပြီ။ ဒါဟာ ဝန်ကြီးချုပ်ခင်ညွန့် အဖမ်းခံရပြီး စစ်ထောက်လှမ်းရေး ဖြိုဖျက်ခံရပြီးတဲ့အချိန်မှာ အစပြုခဲ့တဲ့ တဖြည်းဖြည်းနဲ့ မရေရာတဲ့ဖြစ်စဉ်တခုပဲ ဖြစ်ပါတယ်။

စစ်ဦးစီးမှူး ဗိုလ်ချုပ်ကြီးသူရရွှေမန်းဟာ အသစ်ပေါ်ပေါက်လာတဲ့ အုပ်ချုပ်ရေးနဲ့ စစ်တပ် ဖွဲ့စည်းပုံမှာ အဓိကဆုံလည်ချက်နေရာကို ယူထားခဲ့ပါတယ်။ အရင်တုန်းကတော့ သူ့ကို သင်းကွဲ တယောက်အဖြစ်ပဲ မြင်ခဲ့ကြပါတယ်။ ဒါပေမယ့် သိပ်မကြာခင်လတွေမှာတော့ အထူးသဖြင့် ဗိုလ်ချုပ်ခင်ညွန့် ပြုတ်ကျသွားပြီးတဲ့အချိန်မှာ သူရရွှေမန်းဟာ နိုင်ငံရေးကိစ္စတွေမှာ လှုပ်လှုပ်

ရှားရှား အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်လာခဲ့ပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသွားတဲ့ အချိန်တုန်းက သူရရွှေမန်းနဲ့ ဝန်ကြီးချုပ်သစ် စိုးဝင်းကို တိုင်းပြည်ကို ကိုင်တွယ်ထိန်းချုပ်ဖို့ ထားခဲ့ပါတယ်။

မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေကို လာဘ်ပေးလာဘ်ယူမှုတွေမှာ မပါဝင်မပတ်သက်ဖို့ သတိပေးစကားပြောခဲ့ကြသူတွေဟာလည်း ဗိုလ်ချုပ်ကြီး သူရရွှေမန်းနဲ့ စိုးဝင်းပဲဖြစ်ပါတယ်။ သူက စီးပွားရေးလုပ်ငန်းရှင်တွေကို ဗိုလ်ချုပ်ခင်ညွန့်နဲ့ လုပ်ကိုင်ခဲ့တဲ့ လုပ်ငန်းအဆက်အစပ်တွေကို နှစ်ပတ်အတွင်းတင်ပြဖို့ အချိန်ပေးခဲ့ပါတယ်။ ဘယ်သူကမှ သူ့ကို ဝန်ခံတင်ပြလာတာ မရှိတဲ့ အတွက် သူ ဒေါသဖြစ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းကစပြီး သူဟာ ရန်ကုန်က သံတမန်တွေနဲ့ ဝန်ကြီး ချုပ်သစ်ရဲ့နေရာကနေ မကြာခဏ တွေ့ဆုံမှုတွေ လုပ်လာခဲ့ပါတယ်။ 'သူက ယုံကြည်မှုတော့ အတော်ပြင်းပါတယ်' လို့ ရန်ကုန်မှာ သူနဲ့တွေ့ဆုံခဲ့တဲ့ အာရှသံတမန်တယောက်က ပြောခဲ့ပါ တယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုကို အနီးကပ်စောင့်ကြည့်နေကြတဲ့ တိုင်းပြည်တွေ ဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ဂျပန်နဲ့ ထိုင်းနိုင်ငံတွေက ဗိုလ်ချုပ်ကြီးသူရရွှေမန်းကို စောင့်ကြည့်ရ မယ့်သူတယောက်လို့ ယူဆထားခဲ့ကြပါတယ်။ အဲဒီနိုင်ငံတွေအားလုံးဟာ ဗိုလ်ချုပ်ခင်ညွန့် ဖယ်ရှား ခံရပြီးတဲ့အချိန်ကစပြီး သူနဲ့ အားကောင်းတဲ့ဆက်ဆံရေးရဖို့ အားထုတ်ကြိုးစားခဲ့ကြပါတယ်။ 'သူဟာ နံပါတ်သုံးအသစ်အဖြစ် ရှင်းရှင်းလင်းလင်း ပေါ်ထွက်လာတာပါ' လို့ ရန်ကုန်က သံတမန် တဦးက ဆိုပါတယ်။

ထောက်လှမ်းရေးတပ်ဖွဲ့သစ်တည်ထောင်ဖို့ ခန့်အပ်ခံရတဲ့ ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေကတော့ စစ်တပ်အာဏာပိုင်အဖွဲ့မှာ နံပါတ်လေးအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။ သူ့ကို တော့ သန်းရွှေရဲ့လူအဖြစ် သိထားကြပါတယ်။ အခုပေါ်ပေါက်လာတာတွေအားလုံးဟာ ကြာသပ တေးနေ့ (၁၇–၂–၂၀၀၅) မှာ ပြန်စတင်ခဲ့တဲ့ အမျိုးသားညီလာခံပြီးတဲ့အထိတော့ ဒီအတိုင်းပဲ ရှိနေပါ လိမ့်မယ်။ အတော်များများကတော့ ဘယ်လိုချောချောမွေ့မွေ့ ရွှေ့ဆက်နိုင်မလဲဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ စစ်ခေါင်းဆောင်တွေကတော့ ပူပန်နေကြပုံပါပဲ။ ညီလာခံပြန်မစခင်ရက်တွေမှာ သူတို့ကို တိုင်းရင်းသားခေါင်းဆောင် အတော်များများနဲ့တွဲပြီး တွေ့မြင်ခဲ့ကြရပါတယ်။

ရန်ကုန်သတင်းရပ်ကွက်အရ ဗိုလ်ချုပ်သန်းရွှေဟာ အခုဆိုရင် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ မူကြမ်းကို မြန်နိုင်သမျှမြန်မြန်ရေးဆွဲဖို့ ဆုံးဖြတ်ထားခဲ့ပါပြီ။ အစီအစဉ်က နှစ်မကုန်ခင်မှာ ကွာလာ လမ်ပူ အာဆီယံထိပ်သီးအစည်းအဝေး မစခင်မှာ အဲဒါကို ပြည်သူ့ဆန္ဒခံယူပွဲ လုပ်နိုင်ဖို့ပါ။

'နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အာဆီယံကပေးလာတဲ့ ဖိအားကို ရှောင်လို့ရအောင် ရန်ကုန်အနေနဲ့ ထိပ်သီးအစည်းအဝေးမတိုင်ခင်မှာ တချို့အလျှော့ပေးလိုက်လျောတာမျိုး လုပ်ပေး ရမယ်။ ဒါမှမဟုတ်ရင်တော့ ၂၀၀၆ ခုနှစ်မှာ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌဖြစ်ရေးကိစ္စဟာ ပိုပြီး အငြင်းပွားစရာ ဖြစ်လာလိမ့်မယ်ဆိုတာကို သန်းရွှေသိပါတယ်' လို့ ရန်ကုန်နဲ့နီးစပ်တဲ့ ဝါရင့် ဥရောပသံတမန်တဦးက ပြောခဲ့ပါတယ်။

မြန်မာ့နိုင်ငံရေးအတွက် သူ့ရဲ့မဟာဗျူဟာကို ဗိုလ်ချုပ်မှူးကြီး အပြည့်အဝ ဖွံ့ဖြိုးတိုးတက် အောင် လုပ်နိုင်ကောင်းမှ လုပ်နိုင်မှာဖြစ်ပေမယ့် ဒီနှစ်အနှောင်းပိုင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအတွက် ပြည်သူ့ဆန္ဒခံယူပွဲ လုပ်နိုင်မယ်ဆိုရင် အတိုက်အခံ NLD ခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်အနေနဲ့ ၂၀၀၆ ခုနှစ်မှာကျင်းပမယ့် ရွေးကောက်ပွဲပြီးတာနဲ့ မကြာခင် နေအိမ်အကျယ် ချုပ်က လွတ်လာနိုင်ချေ ရှိပါတယ်။

အဲဒီလိုသာဖြစ်မယ်ဆိုရင် စစ်တပ်အတွင်း အာဏာလွန်ဆွဲပွဲတွေဟာ နောက်ဆုံးပြေလည်သွားပြီး စစ်အုပ်စုသစ်ရဲ့ ခေါင်းဆောင်တွေလက်ထဲ အာဏာလွှဲပြောင်းရေးဟာလည်း ပြီးမြောက်သွားမှာပါပဲ။

ခုလောလောဆယ်မှာတော့ ထိပ်သီးဗိုလ်ချုပ်ကြီးနှစ်ဦးကြားက အာဏာသြဇာ လွှမ်းမိုးနိုင်ရေး လွန်ဆွဲပွဲဟာ ရန်ကုန်ရဲ့ မရေရာမှုတွေနဲ့ တင်းမာမှုတွေကိုပဲ ပိုပြီးတိုးများလာစေမှာဖြစ်ပါတယ်။ ■

(14th Feb 2005, Bangkok Post သတင်းစာမှ Larry Jagan ရဲ့ 'Top Generals Locked in Power Struggle' ဆောင်းပါးကို စိုးနေလင်း ဘာသာပြန်ဆိုသည်။)